## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ်၊ ၆၅ /၂၀၂၃

## ၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

## (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

## ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများနှင့်စပ်လျဉ်း၍ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၁၄ ၊ ပုဒ်မခွဲ (ဃ) ဇယားပါ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများအနက် ဝန်ဆောင်မှု (၂၅) မျိုးနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများက ဝန်ဆောင်မှုရယူသူများထံမှ ဝန်ဆောင်ခနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ထည့်သွင်းကောက်ခံရန် မလိုအပ်သည့် ဝန်ဆောင်မှု(၂၅)မျိုးနှင့်စပ်လျဉ်း၍ ဤဝန်ကြီးဌာနက မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤထုတ်ပြန်ချက်သည် ဝန်ဆောင်မှုဆောင်ရွက်ပေးသူ အခွန်ထမ်းများနှင့် ဝန်ဆောင်မှုရယူသူများအပေါ် အကျိုးသက်ရောက်ပါသည်။

### သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ဝန်ဆောင်မှုဆောင်ရွက်ပေးသူ အခွန်ထမ်းသည် ဝန်ဆောင်မှုရယူသူများအတွက် မိမိကဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် ဝန်ဆောင်ခနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းကောက်ခံရန် တာဝန်ရှိပါသည်။

၅။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ၊ ပုဒ်မခွဲ (ဃ) တွင် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရမည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားများကို ပြဋ္ဌာန်းထားပါသည်။

## အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်

၆။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ၃၀-၃-၂၀၂၃ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၈/၂၀၂၃ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေ၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ)ပါ ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားများမှအပ ကျန်ဝန်ဆောင်မှု လုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။

၇။ အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများနှင့်သက်ဆိုင်သည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာသိရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မှန်ကန်ထိရောက်စွာ ကောက်ခံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ အဆိုပါ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ) ဇယားပါ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများအနက် ရှင်းလင်းဖော်ပြရန်လိုအပ်သည့် ဝန်ဆောင်မှု (၂၅ )မျိုး၏ အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်များကို အောက်ပါအတိုင်း ထုတ်ပြန်သတ်မှတ်လိုက်သည် -

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁။ | ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ | ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ပြတိုက်၊ စာကြည့်တိုက်များအတွင်း ဝင်ခကောက်ခံခြင်း၊ မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် သရုပ်ဆောင်ခြင်း၊ ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။ (ဖျော်ဖြေမှုလုပ်ငန်းများ မပါဝင်ပါ။) |
| ၂။ | ၅ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ | မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး အစရှိသည့် ယာဉ်များရပ်နားရန် နေရာပေးဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပါသည်။<br>(ယာဉ်အရောင်းပြခန်းနေရာ ငှားရမ်းခြင်း၊ ယာဉ်သိမ်းဆည်းရန် ဂိုဒေါင်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ မပါဝင်ပါ။) |
| ၃။ | ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပ ဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ | ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ကုန်သေတ္တာထဲတွင် ကုန်စည်များထည့်၍ သယ်ယူပို့ဆောင်သည့် လုပ်ငန်းများ၊ လေဆိပ်၊ ရေဆိပ်များတွင် ယာဉ်ပေါ်မှ ကုန်စည်များ တင်ချ |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| | | ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ | ရွှေ့ပြောင်းပေးသည့်လုပ်ငန်းများလည်း ပါဝင်ပါသည်။ |
| ၄။ | ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | နေအိမ်ရွှေ့ပြောင်းခြင်း၊ နေအိမ်ပရိဘောဂများ၊ အသုံးအဆောင်များ ရွှေ့ပြောင်းသယ်ဆောင်ပေးခြင်း၊ သယ်ချပေးခြင်း၊ နေရာချထားပေးခြင်း လုပ်ငန်းများဖြစ်ပါသည်။ |
| ၅။ | ၈ | လမ်းအသုံးပြု၍ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ | လမ်း၊ တံတား အသုံးပြုခကောက်ခံသည့် လုပ်ငန်းများ ပါဝင်သည်။ |
| ၆။ | ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့် ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များ တွင် ခရီးသည်များကို အဖိုးအခတစ်ရပ်ရပ်ရယူ၍ လေယာဉ်ဖြင့် ပို့ဆောင်မှုဆောင်ရွက်သော လုပ်ငန်းများပါဝင်သည်။ |
| ၇။ | ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ | အောက်ပါလုပ်ငန်းများကို ဆိုလိုပါသည်- <br>-ခရီးစဉ် ခရီးသည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုသည်မှာ အခကြေးငွေရယူ၍ သော်လည်းကောင်း၊အကျိုးကျေးဇူး တစ်ခုခုအတွက်သော်လည်းကောင်း၊ သတ်မှတ်ခရီးစဉ်အတိုင်း မော်တော်ယာဉ်/မီးရထားဖြင့် ခရီးသည်များကို သယ်ယူပို့ဆောင်သည့် လုပ်ငန်း။ <br>-စင်းလုံးငှားခရီးသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုသည်မှာ အခကြေးငွေရယူ၍ သော်လည်းကောင်း၊အကျိုးကျေးဇူးတစ်ခုခုအတွက်သော်လည်းကောင်း၊ ခရီးစဉ်သတ်မှတ်ချက်မရှိဘဲ မော်တော်ယာဉ်ကို တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ခရီးသည်အား အငှားသယ်ယူပို့ဆောင်သည့် အငှားယာဉ် လုပ်ငန်း။ |
| ၈။ | ၁၁ | အစိုးရကဆောင်ရွက်သည့် စာတိုက် | - ပြည်တွင်း/ပြည်ပသို့ပေးပို့သည့် ချောစာ/ |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
| --- | --- | --- | --- |
| | | ဝန်ဆောင်မှုလုပ်ငန်း။ | ချောပစ္စည်းများကို ရိုးရိုး၊ မှတ်ပုံတင်ချောပို့နှင့် အမြန်ချောပို့စနစ်ဖြင့် လက်ခံပေးပို့ခြင်းလုပ်ငန်း၊<br>- နိုင်ငံအတွင်း ပေးပို့သည့် တန်ဖိုးပေးရွေး ချောစာ/ချောထုပ်များအတွက် ငွေကောက်ခံခြင်း၊<br>- ငွေလွှဲ/ငွေပို့ လုပ်ငန်းများ၊<br>- အိမ်တိုင်ရာရောက် ချောစာ/ချောပစ္စည်းများ လက်ခံခြင်း၊<br>- ကိုယ်စား ငွေကောက်ခံခြင်းလုပ်ငန်း၊<br>- စာတိုက်သေတ္တာ ငှားရမ်းခြင်း၊ ပြည်ပမှဝင်ရောက်လာသော ချောထုပ်များအား သိုလှောင် သိမ်းဆည်းပေးခြင်းနှင့် ပြည်ပမှပြန်လည်ပေးပို့သော ချောထုပ် (Returned Parcel)များအတွက် ငွေကောက်ခံခြင်း၊<br>- တယ်လီဖုန်း အခွန်ငွေတောင်းခံလွှာ ပေးဝေခြင်းနှင့် ကောက်ခံခြင်း၊<br>- ကြေးနန်းလုပ်ငန်းများ၊<br>- စာတိုက်အဆောက်အဦ မြေနေရာတွင် အများပြည်သူများ လွယ်ကူသက်သာ အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် မြန်မာ့စာတိုက်လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် လုပ်ငန်းများ ဝန်ဆောင်မှုပေးခြင်း။ |
| ၉။ | ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ | ပုဂ္ဂလိကအပါအဝင်ဖြစ်သည့် စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘာသာရပ်ဆိုင်ရာသင်တန်းများ၊ နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေး သင်တန်းများ ပါဝင်သည်။ |
| ၁၀။ | ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပ ဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှု | ဆေးကုသခြင်းလုပ်ငန်း၊ ရောဂါရှာဖွေခြင်းလုပ်ငန်းများ ပါဝင်သည်။(ခန္ဓာကိုယ် အလှ |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| | | လုပ်ငန်း။ | ပြင်ခွဲစိတ်မှုလုပ်ငန်း၊ ကျန်းမာရေး လေ့ကျင့်မှု လုပ်ငန်းများ မပါဝင်ပါ။) |
| ၁၁။ | ၁၅ | ရိုးရာ အကြောပြင် ဝန်ဆောင်မှု လုပ်ငန်း၊မျက်မမြင် အကြောပြင် ဝန်ဆောင်မှု လုပ်ငန်း။ | မည်သည့် ရိုးရာအကြောပြင် လုပ်ငန်းမဆို ပါဝင်သည်။ |
| ၁၂။ | ၁၆ | တိရစ္ဆာန် ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှု လုပ်ငန်း။ | တိရစ္ဆာန်ဆေးကုသခြင်းလုပ်ငန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း လုပ်ငန်းများပါဝင်ပါသည်။ |
| ၁၃။ | ၁၈ | အသက်အာမခံ ဝန်ဆောင်မှု လုပ်ငန်း။ | အာမခံလုပ်ငန်းများအနက်မှ အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်းအတွက်သာဖြစ်ပါသည်။ |
| ၁၄။ | ၁၉ | အသေးစားငွေချေးခြင်း ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | တည်ဆဲဥပဒေများအရ ဆောင်ရွက်သည့် အသေးစားငွေချေးလုပ်ငန်းများ၊ လိုင်စင်ရ အပေါင်ဆိုင်လုပ်ငန်းများ ပါဝင်ပါသည်။ |
| ၁၅။ | ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းဆိုရာ၌ စတော့အိတ်ချိန်းလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသော ငွေချေးသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် အောက်ပါလုပ်ငန်းများပါဝင်သည်-<br>(၁) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင် ရောင်းဝယ်ခြင်း၊<br>(၂) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် အဖြစ်ဆောင်ရွက်ခြင်း၊<br>(၃) ငွေချေးသက်သေခံလက်မှတ်များ ကိုတာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိ ရောင်းချခြင်း၊<br>(၄) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက်အကြံဉာဏ်ပေးခြင်း၊<br>(၅) ငွေချေးသက်သေခံလက်မှတ်များ အပ်နှံ |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| | | | မှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း၊ (ဖ) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က အမိန့်ကြော် ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့် လုပ်ငန်း ဆောင်ရွက်ခြင်း။ |
| ၁၆။ | ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်း။ | ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများက ဆောင်ရွက်သည့် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများကို ဆိုလိုသည်။ |
| ၁၇။ | ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ | ပြည်ပမှတင်သွင်းလာသော ကုန်စည်များ၊ ပြည်ပသို့ တင်ပို့သော ကုန်စည်များအတွက် အကောက်ခွန်ဆိုင်ရာ ရှင်းလင်းရေး လုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်ကို သတ်မှတ်ထားသော အရည်အချင်းပြည့်မီ၍လုပ်ကိုင်ခွင့်ရရှိပြီး ဆောင်ရွက်သောလုပ်ငန်းများကို ဆိုလိုသည်။ |
| ၁၈။ | ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ | အောင်ဘာလေသိန်းထီ ဝန်ဆောင်မှုလုပ်ငန်းတွင် ထီလက်မှတ် အမျိုးမျိုးပုံနှိပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ အွန်လိုင်း (Online) စနစ်နှင့် Point of Sale (POS) စနစ်ဖြင့် အောင်ဘာလေထီလက်မှတ် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း တို့ပါဝင်သည်။ |
| ၁၉။ | ၂၄ | ညှော်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှု လုပ်ငန်း။ | ညှော်ခံကျွေးမွေးရေးနှင့်ဆိုင်သည့် အခမ်းအနားအတွက် ပစ္စည်းများ ငှားရမ်းခြင်းဆိုင်ရာ လုပ်ငန်းများသာပါဝင်ပါသည်။ (လက်ဝတ်လက်စားငှားရမ်းခြင်း၊ အခမ်းအနား ပြင်ဆင်ပေးခြင်းလုပ်ငန်းများ မပါဝင်ပါ။) |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၂၀။ | ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ | နာရေးကိစ္စရပ်များအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ အားလုံး အကျုံးဝင်သည်။ |
| ၂၁။ | ၂၆ | ကလေးသူငယ် ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ | ကျောင်းနေအရွယ် မရောက်သေးသည့် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ကလေးထိန်းလုပ်ငန်းများ ကိုဆိုလိုသည်။ |
| ၂၂။ | ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့်ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ။ | CMP လုပ်ငန်းများ၊ နဝလီလက်ခစား လုပ်ငန်းများပါဝင်ပါသည်။(အမှန်တကယ် ကုန်ကြမ်းပေး၍ ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများသာ အကျုံးဝင်သည်။ ကုန်ကြမ်းဖိုးပေးချေ၍ ဆောင်ရွက်ခြင်းများ အကျုံးဝင်ခြင်း မရှိပါ။) |
| ၂၃။ | ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှု လုပ်ငန်းများ။ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများတွင် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ပေးခြင်း၊ ငှားရမ်းခြင်း၊ ကိုင်တွယ် အသုံးပြုဆောင်ရွက်ပေးခြင်း၊ ပြင်ဆင်ထိန်းသိမ်းမှုပြုလုပ်ခြင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးခြင်း၊ စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေများဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့ကို ဆိုလိုသည်။ |
| ၂၄။ | ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ | ဘက်ထရီ လျှပ်စစ်သုံးယာဉ်များအတွက် မည်သည့်လျှပ်စစ်စွမ်းအားဖြင့်မဆို အခကြေးငွေရယူ၍ ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုလိုသည်။ |
| ၂၅။ | ၃၁ | နိုင်ငံတော် အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက်ပေးချေရသည့် လိုင်စင်ကြေးများ။ | အစိုးရဌာနအသီးသီးသို့ တည်ဆဲဥပဒေအရ ပေးချေရသည့် လိုင်စင်ကြေး ( Fees ) များ ပါဝင်ပါသည်။ |

၉။ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားများနှင့်ပတ်သက်၍ ရှင်းလင်းထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၇၊ အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၈၊ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၀ နှင့် အမိန့်ကြော်ငြာစာအမှတ် ၁၄၃/၂၀၂၀ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

*********************************************************

စာအမှတ်၊ စဘ/ ဘဏ္ဍာ-၂ / ၁/ ၂၅၄ (၅၆၂၃ / ၂၀၂၃)
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

အခွန်အယူခံခုံအဖွဲ့

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) | ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |

အမိန့်အရ

(ဝင်းထိုက်)

ညွှန်ကြားရေးမှူးချုပ်